ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆန်နှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

Dec, 2018

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ် ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် နိုဝင်ဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာ အုပ်စုအတွက်စားသုံးသူဈေးဆနှုန်းမှာ **၁၆၃.၀၉** ဖြစ်ပြီး၊ အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူ ဈေးဆနှုန်းမှာ **၁၂၉.၀၅** ရှိပါသည်။ **၂၀၁၈ ခုနှစ် နိုဝင်ဘာလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူဈေးဆနှုန်းမှာ **၁၄၈.၉၅** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၄၇.၇၀** နှင့် နှိုင်းယှဉ်ပါက **၀.၈၅%** မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် ဈေးနှုန်း တည် ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၈ ခုနှစ် နိုဝင်ဘာလ၏ စားသုံးသူဈေးဆနှုန်း(Core CPI) မှာ ၁၂၃.၉၆** ဖြစ်ရာ **ယခင်လ၏** Core CPI ဖြစ်သည့် **၁၂၃.၄၀** နှင့် နှိုင်းယှဉ်ပါက **၀.၄၆%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၈ ခုနှစ် နိုဝင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၈.၉၅** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၇.၅၀** နှင့် နှိုင်းယှဉ်ပါက **၈.၃၃ %** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၏ Core CPI မှာ ၁၂၃.၉၆ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၁၆.၄၃** နှင့် နှိုင်းယှဉ်ပါက **၆.၄၇ %** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၆၃.၀၉** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၅၅%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်(ဧရာ)နှင့် ဆန်(ငကြွေ) ဈေးနှုန်းများမှာ ဆက်လက် မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ အသား၊ငါးအုပ်စုရှိ ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ အမဲသား ဈေးနှုန်းများ၊ ငါးခြောက်ဈေးနှုန်းများ၊ ငရုတ်သီးခြောက် (အပု/အရှည်)၊ ပဲအမျိုးမျိုး၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် ငါးမဖမ်းရ ရာသီကုန်ဆုံး၍ ငါးဖမ်းခွင့်ပြန်လည် ခွင့်ပြုထားသောကြောင့် ငါးဈေးနှုန်း များ ပြန်လည်ကျဆင်းလာပါသည်။

၄။ **၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၉.၀၅** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၀.၃၈%** ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ဓာတ်ဆီနှင့် ဒီဇယ်ဆီဈေးနှုန်းများ သိသာစွာကျဆင်း

လာသောကြောင့်ဖြစ်ပါသည်။ အခြားအသုံးအဆောင်ပစ္စည်းများဖြစ်သော ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ (အမျိုးသား/ အမျိုးသမီး)၊ ဖိနပ်(သားရေ)၊ ရာဘာဖိနပ်၊ အိမ်ဆောက်ပစ္စည်းနှင့် အိမ်အသုံး အဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။


၅။ ယခု နိုဝင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လနှင့်နှိုင်းယှဉ်ပါက ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ငွေလဲနှုန်းများ မြင့်တက်နေသော်လည်း ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများကျဆင်း လျက်ရှိသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။


၆။ ဤကာလသည် ကထိန်ရာသီဖြစ်ခြင်းကြောင့် ကထိန်အလှူများပြုလုပ်ခြင်း၊ မင်္ဂလာဆောင်များပြုလုပ်ခြင်း၊ လူကြီးမိဘများအားကန်တော့ခြင်း စသည်တို့ကြောင့် ကုန်ပစ္စည်းဝယ်လိုအားများပြားနေသဖြင့် ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။


၇။ **၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၆.၆၆%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၅.၁၅%** ရှိပါသည်။ **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ ၈.၃၃ % ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation)** မှာ ၆.၄၇% ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)
ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် နိုဝင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)**<br>**၂၀၁၈ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ**<br>**စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)**<br>**၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)**<br>**စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၈.၉၅ ဖြစ်ရာ ယခင်လ အခြေအနေ ၁၄၇.၇၀ နှင့် နှိုင်းယှဉ်ပါက ၀.၈၅% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် သယ်ယူပို့ဆောင်ရေးအုပ်စု၊ ဆက်သွယ်ရေးအုပ်စုနှင့် အစားအစာမဟုတ်သောအုပ်စုမှလွဲ၍ ကျန် အုပ်စု အားလုံးမှာမြင့်တက်လျက်ရှိပါသည်။ အစားအစာအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်း နှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ သိသိသာသာမြင့်တက်လျက် ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်။

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၆၃.၀၉ ရှိ၍ ယခင်လ နှင့် နှိုင်းယှဉ်ပါက ၁.၅၅% မြင့်တက်လာပါသည်။ ယခုလတွင် မြေပဲဆီ ၁.၀၄%၊ နှမ်းဆီ ၁.၆၆%၊ ကြက်သား ၀.၂၆%၊ ဝက်သား ၀.၆၃%၊ အမဲသား ၃.၇၃%နှင့် ပုစွန်ခြောက် ၀.၇၅% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာ ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူနှင့် ငရုတ် သီးခြောက် ဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာပါသည်။ ထို့အပြင် သစ်သီး များဖြစ်သော ငှက်ပျောသီး၊ သရက်သီး၊ ပန်းသီး၊ နာနတ်သီးဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်သော အာလူး၊ မုန်လာဥဖြူ၊ ကန်စွန်းရွက်၊ ချဉ်ပေါင် ရွက်၊ သံပုရာသီးနှင့် ရှောက်သီး ဈေးနှုန်းများ မြင့်တက်လာရာတွင် ခရမ်းချဉ်သီး

ဈေးနှုန်းမှာ ၇၀.၃၄% ဖြင့် သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ အလားတူ ပဲနီလေးနှင့် ထောပတ်ပဲ ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၄၁.၈၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၀% မြင့်တက်လာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများဖြစ်သည့် အရက်(ပြည်တွင်း)၊ ဘီယာ (ပြည်တွင်း)၊ ကွမ်းရွက်၊ စီးကရက်(ပြည်တွင်း) နှင့် ဆေးပေါ့လိပ်ဈေးနှုန်းများ မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၂.၈၆ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၁% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤ အုပ်စုတွင် ပါဝင်သော အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း/ပြည်ပ)၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအရှည်၊ အမျိုးသမီးဝတ်အင်္ကျီ၊ စက်ချုပ်ခ(အမျိုးသား/အမျိုးသမီး) နှင့် သားရေဖိနပ်ဈေးနှုန်းများ ဆက်လက် မြင့် တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၅၁.၄၉ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၀၈% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်လခ၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ ဘိလပ်မြေ၊ အုတ်၊ အလုပ်သမားခ နှင့် ရေနှင့် မိလ္လာပြုပြင်ထိန်းသိမ်းခဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၃.၇၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၈၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ကုတင်၊ ဗီရို၊ ဖျာ(သင်ဖျူး)၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ဒန်သတ္တု၊ ဓာတ်ခဲ၊ မီးချောင်း၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်နှင့် အိမ်အကူအလုပ်သမားခ ဈေးနှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၄၅.၁၈ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၄၅% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ရာသီ

အကူးအပြောင်းကာလဖြစ်သောကြောင့် ဖျားနာသူများလာသဖြင့် ဆေးဈေးနှုန်းများနှင့် ဆေးကုသခ ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၁၅.၄၅ ရှိ၍ ယခင်လအခြေအနေ ၁၁၈.၇၈ နှင့် နှိုင်းယှဉ်ပါက ၂.၈၀% ဖြင့် ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စု ဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီတစ်ဂါလံလျှင် ၅၀၁၀.၁၅ ကျပ် မှ ၄၅၃၂.၄၀ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင် ၅၁၀၁.၂၄ ကျပ် မှ ၄၈၉၀.၁၅ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၀၂.၀၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းများမှာ ဈေးကွက်အတွင်း ကုန်ပစ္စည်းအသစ်များ ထွက်ရှိမှုများလာသဖြင့် Model အဟောင်း ဈေးနှုန်းများကျဆင်းလာခဲ့၍ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၌ ၁၀၉.၂၈ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါ က ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဂျာနယ်၊ ဗလာစာအုပ်နှင့် ဘောလ်ပင် ဈေးနှုန်းများမှာ ယခင်လကထက် အနည်းငယ်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၃၃.၅၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၂၇% မြင့်တက်လာပါသည်။ ဤအုပ်စု အတွင်းရှိ ကျူရှင်လခနှင့် သင်တန်းကြေးများ အနည်းငယ်မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၄.၀၉ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၁၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များ ဖြစ်သည့် မုန့်ဟင်းခါး၊ အသုပ်စုံ နှင့် ဒံပေါက်ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။ အခြေခံစားသောက်

ကုန်ဈေးနှုန်းများ မြင့်တက်နေ၍ ဆက်စပ်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်ရခြင်းဖြစ်ပါသည်။

(၄) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၃၄.၅၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၆၂% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ(အမျိုးသား/အမျိုးသမီး)၊ သနပ်ခါး၊ မိတ်ကပ်၊ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ ရွှေနှင့် လက်ဝတ်ရတနာ ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၉.၀၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၃၈% ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

၃။ ၂၀၁၈ခုနှစ် နိုဝင်ဘာလအတွင်း အုပ်စုအလိုက် ဈေးနှုန်းပြောင်းလဲမှု ရာခိုင်နှုန်းများကို ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။

**အပိုင်း(ခ)**

**၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၄၈.၉၅ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၃၇.၅၀ နှင့် နှိုင်းယှဉ်ပါက ၈.၃၃% မြင့်တက်လာ

ပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလ နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၆၃.၀၉ ရှိ၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အခြေအနေ ၁၅၀.၂၃ နှင့် နှိုင်းယှဉ်ပါက ၈.၅၆% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလက ထက် ၈.၉၃% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၆.၅၆%၊ နှမ်းဆီ ၁၀.၆၆%၊ ကြက်သား ၃.၁၄%၊ ဝက်သား ၇.၃၆%၊ အမဲသား ၁၄.၂၀%၊ ဘဲဥ ၇.၆၇%၊ ကြက်ဥ ၁၄.၄၈%၊ ငါးခူ ၈.၅၂%၊ ငါးရံ့ ၃.၉၉%၊ ပုစွန်ခြောက် ၁၃.၁၆%၊ ငါးရံ့ခြောက် ၇.၆၉% နှင့် ရေကျိုငါးပိ ၃.၇၉% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၈.၇၇% မြင့်တက်လျက်ရှိပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၄၇.၆၅%၊ ကုလားပဲခြမ်း ၂၄.၃၃%၊ ကြက်သွန်နီ ၄၉.၇၁% ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၄၁.၈၈ ရှိ၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၃.၀၆% ကျဆင်းနေပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက် နှင့် ဘီယာ (ပြည်တွင်း/ ပြည်ပ)၊ ဆေးပေါ့လိပ်နှင့် စီးကရက်(ပြည်တွင်း/ပြည်ပ) မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့သော်လည်း ကွမ်းရွက်၊ ကွမ်းသီးခြမ်း နှင့် ကွမ်းသီးလုံး ဈေးနှုန်းများမှာ ကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၂.၈၆ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၄.၂၄% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ အမျိုး

သမီးဝတ်အင်္ကျီ၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ သားရေ ဖိနပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၅၁.၄၉ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၉.၀၆% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓာတ်ငွေ့ နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၃.၇၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆.၅၅% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၄၅.၁၈ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၆.၅၁% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေး နှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၁၅.၄၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၁၃.၉၉% ဖြင့် သိသိသာသာ ဆက်လက်မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၅၉၄.၆၉ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၈၉၀.၁၅ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၇၃၅.၂၃ ကျပ်ရှိရာ မှ ၄၅၃၂.၄၀ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး)(ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၀၂.၀၂ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၀.၇၆% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များဝင်ရောက်မှုများလာပြီး Model အဟောင်း ဝယ်ယူသူနည်းပါးလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၀၉.၂၈ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၂.၇၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ကွန်ပျူတာ၊ စီဒီ တိပ်ခွေ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဖူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၃၃.၅၂ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၉၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၌ ၁၂၄.၀၉ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၆.၈၀% ဖြင့် သိသိ သာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာ ဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနူန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၃၄.၅၃ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၃၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၁.၀၀%၊ သနပ်ခါး ၉.၆၂%၊ မိတ်ကပ် ၁၃.၈၉%၊ သွားတိုက်ဆေး ၁၄.၄၈% နှင့် လွယ်အိတ် ၃၃.၆၁% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၁၂၉.၀၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် နှိုင်းယှဉ်ပါက ၇.၉၉% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ၁၃၈.၂၉ ရှိရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ တစ်ဖန် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ဇွန်လမှ စတင်၍ မိုးများစွာ ရွာသွန်းခဲ့ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်နေသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာ ကုန်စည်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့်နှိုင်းယှဉ်ပါက ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အနည်းငယ် ကျဆင်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးတွင် မြင့်တက်လာခဲ့ပါသည်။ ပြောင်းလဲမှု ရာခိုင်နှုန်းအနေဖြင့် ကယားပြည်နယ်တွင် ၁.၉၇% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ရန်ကုန်တိုင်း ဒေသကြီးတွင် ၀.၁၄% ရာခိုင်နှုန်းဖြင့် အနည်းဆုံးဖြစ်ပေါ်နေပါသည်။

## ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၃.၉၉% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ၈.၈၅% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ၌ ၈.၃၃ ဖြင့် အနည်းငယ် ကျဆင်းလာပါသည်။ ၂၀၁၈ ခုနှစ် အတွင်း မြို့အများစုတွင် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲကာကုန်ပစ္စည်းဈေးနှုန်းများကြီးမြင့်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ တစ်နှစ် ပျမ်းမျှ ၆.၆၆% ရှိ၍ အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၆.၃၄% နှင့် နှိုင်းယှဉ်ပါက ၀.၃၂% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ တစ်နှစ်တာကာလအတွင်း ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ



၂၀၁၈ ခုနှစ် မတ်လတွင် ၄.၀၃% ဖြင့် အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။

၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၁.၅၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ရခိုင်ပြည်နယ်တွင် ၁၀.၇၈% ဖြင့် ဒုတိယအမြင့်ဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၉.၁၁% ဖြင့် တတိယအမြင့်ဆုံးအသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မကွေးတိုင်းဒေသကြီးတွင် ၁၂.၃၆% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၈၂% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ဆန်ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ မြင့်တက်လျက်ရှိသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လမှစ၍ ပြည်နယ်နှင့်တိုင်းဒေသအချို့တွင် ရေကြီး၍ စပါးစိုက်ခင်းများ ပျက်စီးခဲ့ခြင်း၊ စပါးအဟောင်းလက်ကျန်နည်းပါးခြင်း၊ မိုးစပါးများဈေးကွက်အတွင်း ဝင်ရောက်မှုနည်းပါးနေခြင်း တို့ကြောင့် ဆန်ဈေးနှုန်းများမြင့်တက်နေရခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်သော မြေပဲဆံ နှင့် နှမ်းများမှာ ပြည်ပဝယ်လိုအားရှိသောကြောင့် ဈေးနှုန်းများမြင့်တက်လာပါသည်။ စားအုန်းဆီဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ်ကျဆင်းလျက်ရှိပါသည်။ ပြည်ပ စားအုန်းဆီဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၉.၂၁ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၄၈၇.၃၂ သို့ ကျဆင်းလာခဲ့သောကြောင့် ပြည်တွင်း စားအုန်းဆီ ဈေးနှုန်းများလည်း ကျဆင်းလာပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများနှင့် ငါးဈေးနှုန်းများ အနက် ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများ ရှိနေခြင်းကြောင့် အသား ဈေးနှုန်းများ မြင့်တက်လာရာ၌ အမဲသားဈေးနှုန်းမှာ သိသိသာသာ မြင့်တက်လာ ပါသည်။ သို့သော် ကြက်ဥ၊ ငါးခူ၊ ငါးရံ့နှင့် ငါးမြစ်ချင်း ဈေးနှုန်းများ ကျဆင်း လာသည် တွေ့ရှိရပါသည်။ ငါးကန်ဖော်သည့် ရာသီဖြစ်ခြင်း၊ ငါးမဖမ်းရ ရာသီ ကုန်ဆုံး၍ ပြန်လည်ဖမ်းဆီးခွင့် ပြုလာခြင်းတို့ကြောင့် ငါးဈေးနှုန်းများ ပြန်လည် ကျဆင်းလာပါသည်။ ထို့အပြင် ကြက်များ အတောင်ချပြီးချိန်ဖြစ်၍ ဥထွက်နှုန်း များလာပြီး ကြက်ဥ ဈေးနှုန်းများကျဆင်းလာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဒေသအတွင်း ခရမ်းချဉ်သီး ထွက်ပေါ်ချိန်မဟုတ်ခြင်း၊ ဆောင်းခရမ်းချဉ်သီး စတင်စိုက်ပျိုးချိန်ဖြစ်သောကြောင့် ဈေးနှုန်းများ သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ နိုင်ငံခြားငွေလဲနှုန်းများ မြင့် တက်နေခြင်း၊ စက်သုံးဆီဈေးနှုန်းများ ပြန်လည်ကျဆင်းလာသော်လည်း သယ်ယူ ပို့ဆောင်စရိတ်မြင့်တက်နေခြင်းတို့ကြောင့် အခြေခံစားသောက်ကုန် ဈေးနှုန်းများ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူနှင့် ငရုတ်သီးခြောက် ဈေးနှုန်းများ လည်း ယခင်လကထက်မြင့်တက်လာပါသည်။ ဤကာလသည် ကထိန်ရာသီ ဖြစ် ခြင်းကြောင့် အလှူအတန်းပြုလုပ်သူများပြားခြင်း၊ မင်္ဂလာဆောင်သူများပြား လာ ခြင်းတို့ကြောင့် ဝယ်လိုအားများပြားလာ၍ ဈေးနှုန်းများ မြင့်တက်လာပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၉၇၄၀၃၀.၀၉ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၁.၂၅% ဆက်လက်မြင့် တက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၁၁.၀၀% မြင့်တက်လျက် ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိ ကန်ဒေါ်လာ ၁၂၁၂.၁၁ ရှိရာ မှ ၁၂၂၀.၀၅ သို့ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေ ဈေးနှုန်း မြင့်တက်လာသကဲ့သို့ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ် နှုန်းမှာ ယခင်လတွင် တစ်ဒေါ်လာလျှင်(ပျမ်းမျှ) ၁၅၆၈ ကျပ်ရှိရာမှ ယခုလတွင်

၁၅၈၆ ကျပ်သို့ မြင့်တက်နေခြင်းတို့ကြောင့် မြန်မာ့ရွှေဈေးနှုန်းများ ဆက်လက်မြင့်တက်လျက် ရှိသည်ကို တွေ့ရှိရပါသည်။

(ဆ) ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၅.၉၇ မှ ၈၁.၉၉ သို့ ကျဆင်းလာပါသည်။ အလားတူ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၆.၀၁ မှ ၆၆.၈၉ သို့ဆက်လက်ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသောကြောင့် ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများလည်း ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၈ခုနှစ် နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်လာသကဲ့သို့ ယခင်လနှင့်နှိုင်းယှဉ်ပါကလည်း သိသိသာသာ မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းများ ကျဆင်းလာသော်လည်း သယ်ယူပို့ဆောင်စရိတ်များမှာ ကြီးမြင့်လာခြင်း၊ တရုတ်ပြည်ဘက်မှ ဆန်ဝယ်ယူမှု ပိတ်ထားခြင်းကြောင့် ကုန်တင်ကားထွက်ရှိမှုနည်းပါးပြီး၊ သယ်ယူစရိတ် ကြီးမြင့်လာခြင်း စသည့် အကြောင်းရင်းများကြောင့် ကုန်စည်ဈေးနှုန်းများ သိသိသာသာမြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၈။ အခြေခံစားသောက်ကုန် ဈေးနှုန်းများမြင့်တက်လာခြင်းသည့် စားသုံးသူဈေးဆနှုန်းအပေါ် အကျိုးသက်ရောက်မှုဖြစ်ပေါ်စေပြီး ငွေကြေးဖောင်းပွမှုနှုန်းကို ဖြစ်ပေါ်စေပါကြောင်း တင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏ အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် နိုဝင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၇.၅၀** | **၁၄၇.၇၀** | **၁၄၈.၉၅** | **၀.၈၅** | **၈.၃၃** | **၆.၆၆** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၅၀.၂၃** | **၁၆၀.၆၀** | **၁၆၃.၀၉** | **၁.၅၅** | **၈.၅၆** | **၆.၂၉** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၆.၃၆ | ၁၄၁.၀၃ | ၁၄၁.၈၈ | ၀.၆၀ | -၃.၀၆ | ၁၁.၉၆ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၇.၈၅ | ၁၂၂.၄၇ | ၁၂၂.၈၆ | ၀.၃၁ | ၄.၂၄ | ၂.၅၇ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၈.၉၁ | ၁၅၁.၃၈ | ၁၅၁.၄၉ | ၀.၀၈ | ၉.၀၆ | ၇.၈၄ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၆.၁၄ | ၁၂၂.၇၅ | ၁၂၃.၇၅ | ၀.၈၂ | ၆.၅၅ | ၃.၈၉ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၆.၃၁ | ၁၄၄.၅၃ | ၁၄၅.၁၈ | ၀.၄၅ | ၆.၅၁ | ၅.၄၂ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၁၀၁.၂၈ | ၁၁၈.၇၈ | ၁၁၅.၄၅ | -၂.၈၀ | ၁၃.၉၉ | ၁၁.၀၂ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၈၀ | ၁၀၂.၀၈ | ၁၀၂.၀၂ | -၀.၀၆ | -၀.၇၆ | ၅.၂၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၆.၃၁ | ၁၀၉.၁၄ | ၁၀၉.၂၈ | ၀.၁၃ | ၂.၇၉ | ၁.၆၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၅၃ | ၁၃၃.၁၅ | ၁၃၃.၅၂ | ၀.၂၇ | ၈.၉၇ | ၄.၆၇ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၆.၁၉ | ၁၂၃.၉၂ | ၁၂၄.၀၉ | ၀.၁၄ | ၆.၈၀ | ၈.၆၅ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၂၄.၂၀ | ၁၃၃.၃၀ | ၁၃၄.၅၃ | ၀.၉၂ | ၈.၃၁ | ၄.၆၂ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၉.၅၁** | **၁၂၉.၅၅** | **၁၂၉.၀၅** | **-၀.၃၈** | **၇.၉၉** | **၇.၃၅** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၆.၄၃** | **၁၂၃.၄၀** | **၁၂၃.၉၆** | **၀.၄၆** | ***၆.၄၇** | ***၅.၁၅** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

**ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့်**
**ငွေကြေးဖောင်းပွမှုနှုန်း**
**(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ)**

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင် ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် နိုဝင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၉.၂၈ | ၁၅၅.၀၅ | ၁၅၄.၀၄ | -၀.၆၅ | ၁၀.၅၉ | ၇.၉၀ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၃.၉၅ | ၁၅၈.၄၄ | ၁၅၁.၃၆ | ၁.၉၇ | ၅.၁၅ | ၄.၃၃ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၅.၆၇ | ၁၃၇.၅၉ | ၁၃၇.၈၃ | ၀.၁၇ | ၉.၆၇ | ၆.၇၃ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၈၃.၄၁ | ၂၀၀.၈၂ | ၁၉၈.၉၈ | -၀.၉၂ | ၈.၄၉ | ၅.၁၂ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၆.၄၉ | ၁၄၄.၃၅ | ၁၄၅.၉၉ | ၁.၁၄ | ၆.၉၆ | ၄.၈၀ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၂၁.၆၁ | ၁၃၂.၅၀ | ၁၃၃.၃၄ | ၀.၆၄ | ၉.၆၄ | ၆.၈၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၅.၂၃ | ၁၄၃.၀၁ | ၁၄၄.၄၆ | ၁.၀၁ | ၆.၈၂ | ၅.၂၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၉.၀၆ | ၁၅၃.၈၀ | ၁၅၆.၂၅ | ၁.၅၉ | ၁၂.၃၆ | ၉.၁၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၃၂.၉၄ | ၁၃၉.၆၈ | ၁၄၂.၀၉ | ၁.၇၃ | ၆.၈၈ | ၅.၄၄ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၃၁.၀၈ | ၁၄၅.၃၈ | ၁၄၅.၆၆ | ၀.၁၉ | ၁၁.၁၃ | ၈.၄၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၇၂.၃၀ | ၁၉၁.၀၆ | ၁၈၉.၃၇ | -၀.၈၈ | ၉.၉၁ | ၁၀.၇၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၃၀.၅၅ | ၁၃၈.၅၃ | ၁၃၈.၇၃ | ၀.၁၄ | ၆.၂၇ | ၅.၃၇ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၆.၀၁ | ၁၅၇.၆၃ | ၁၅၉.၈၁ | ၁.၃၈ | ၉.၄၅ | ၇.၅၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၉.၈၇ | ၁၄၄.၈၆ | ၁၄၆.၆၁ | ၁.၂၀ | ၄.၈၂ | ၆.၆၁ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၈.၉၄ | ၁၃၄.၁၂ | ၁၃၅.၂၄ | ၀.၈၄ | ၄.၈၈ | ၃.၆၃ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၇.၁၀ | ၁၄၈.၁၀ | ၁၄၉.၀၂ | ၀.၆၂ | ၈.၇၀ | ၅.၇၈ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၉.၆၄ | ၁၄၁.၉၉ | ၁၄၃.၅၉ | ၁.၁၃ | ၁၀.၇၆ | ၁၁.၅၀ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၈.၄၇ | ၁၃၅.၃၃ | ၁၃၆.၉၉ | ၁.၂၃ | ၆.၆၄ | ၇.၀၁ |
| **တစ်နိုင်ငံလုံး** | | **၁၀၀.၀၀** | **၁၃၇.၅၀** | **၁၄၇.၇၀** | **၁၄၈.၉၅** | **၀.၈၅** | **၈.၃၃** | **၆.၆၆** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် | | ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည် % |
|---|---|---|---|---|---|---|---|---|
| | | | | အောက်တိုဘာလ (ကျပ်) | နိုဝင်ဘာလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၁၅%) | ပြည် | ၁၅၁၀.၆၉ | ၁၅၀၉.၅၆ | ၁၃၈၅.၈၂ | -၀.၀၇ | ၈.၉၃ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၀၅၇.၉၇ | ၆၀၂၀.၀၁ | ၅၂၅၁.၄၈ | ၁.၀၄ | ၁၆.၅၆ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၁၄၈.၁၅ | ၆၂၅၀.၃၁ | ၅၆၄၈.၄၅ | ၁.၆၆ | ၁၀.၆၆ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၆၀.၉၇ | ၂၁၁၁.၈၁ | ၂၁၄၄.၆၈ | -၂.၂၇ | -၁.၅၃ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၄၁.၈၃ | ၆၉၆၀.၀၈ | ၆၇၄၈.၀၆ | ၀.၂၆ | ၃.၁၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၄၀၁.၀၁ | ၉၄၆၀.၁၄ | ၈၈၁၁.၆၄ | ၀.၆၃ | ၇.၃၆ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၁၆၀၉.၇၇ | ၁၂၀၄၂.၇၉ | ၁၀၅၄၄.၆၀ | ၃.၇၃ | ၁၄.၂၁ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၇၂၂.၈၄ | ၁၇၄၈.၀၆ | ၁၆၂၃.၄၈ | ၁.၄၆ | ၇.၆၇ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၄၄.၂၈ | ၁၃၄၀.၀၈ | ၁၁၇၀.၅၆ | -၀.၃၁ | ၁၄.၄၈ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၁၄၅.၀၀ | ၈၀၉၃.၃၃ | ၇၄၅၈.၁၀ | -၀.၆၃ | ၈.၅၂ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၁၈၃.၄၂ | ၈၀၇၄.၆၁ | ၇၇၆၄.၅၅ | -၁.၃၃ | ၃.၉၉ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၄၇၄.၅၅ | ၄၄၆၀.၁၆ | ၄၅၄၅.၂၅ | -၀.၃၀ | -၁.၈၅ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၁၃၂၅.၅၃ | ၃၁၅၅၉.၅၇ | ၂၇၈၉၀.၅၆ | ၀.၇၅ | ၁၃.၁၆ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၄၇၈.၉၂ | ၂၉၅၆၂.၂၅ | ၂၇၄၅၀.၀၀ | ၀.၂၈ | ၇.၆၉ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၀၈.၈၅ | ၃၂၉၇.၇၉ | ၃၁၇၇.၂၃ | -၀.၃၃ | ၃.၇၉ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၀၂၁.၄၃ | ၁၇၃၉.၉၂ | ၁၅၉၉.၅၈ | ၇၀.၃၄ | ၈.၇၇ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၄၇၄.၅၈ | ၂၄၄၀.၁၃ | ၃၂၂၄.၈၉ | -၁.၃၉ | -၂၄.၃၃ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၁၉.၆၈ | ၁၁၄၆.၉၉ | ၁၀၉၈.၉၈ | ၂.၄၄ | ၄.၃၇ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၂၆၅.၄၁ | ၂၂၈၃.၄၆ | ၄၃၆၁.၆၀ | ၀.၈၀ | -၄၇.၆၅ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၄၇၉.၆၀ | ၁၄၅၆.၂၀ | ၂၈၉၅.၇၇ | -၁.၅၈ | -၄၉.၇၁ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၉၀၀.၀၀ | ၄၉၁၃.၄၈ | ၄၆၇၄.၄၆ | ၀.၂၈ | ၅.၁၁ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၁၉၉.၀၁ | ၅၂၀၁.၀၀ | ၄၉၉၅.၃၅ | ၀.၀၄ | ၄.၁၂ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၉၆၂၀၀၅.၃၁ | ၉၇၄၀၃၀.၀၉ | ၈၇၇၄၇၃.၂၈ | ၁.၂၅ | ၁၁.၀၀ |
| ၂၄ | ထင်း | | ပိဿာ | ၃၂၅.၁၃ | ၃၂၅.၁၃ | ၂၉၆.၁၇ | ၀.၀၀ | ၉.၇၈ |
| ၂၅ | မီးသွေး | | ။ | ၆၅၀.၀၀ | ၆၅၁.၇၅ | ၅၉၅.၇၃ | ၀.၂၇ | ၉.၄၀ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၃၂.၂၄ | ၄၃၃.၁၁ | ၄၀၃.၇၄ | ၀.၂၀ | ၇.၂၇ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၈၄.၈၀ | ၁၀၈၄.၈၀ | ၉၁၁.၉၉ | ၀.၀၀ | ၁၈.၉၅ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၅၁၀၁.၂၄ | ၄၈၉၀.၁၅ | ၃၅၉၄.၆၉ | -၄.၁၄ | ၃၆.၀၄ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၅၀၁၀.၁၅ | ၄၅၃၂.၄၀ | ၃၇၃၅.၂၃ | -၉.၅၄ | ၂၁.၃၄ |


## ဇယား(၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | ၂၀၁၈ ခုနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၀ | ၁၄၄.၁၇ | ၁၄၅.၉၇ | ၁၄၇.၇၀ | ၁၄၈.၉၅ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ | ၁၂၃.၄၀ | ၁၂၃.၉၆ |

ကန့်သတ်

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | ၂၀၁၈ ခုနှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၄.၄၇ | ၄.၄၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ | ၈.၈၅ | ၈.၃၃ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၄.၁၆ | ၃.၄၁ | ၄.၂၇ | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ | ၆.၅၉ | ၆.၄၇ |

ကန့်သတ်